**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

စက်တင်ဘာလ ၂၀၁၅

## သင်နှင့်နီးစပ်သောသူကို သင့်ကိုယ်ကိုသင် ချစ်သကဲ့သို့ချစ်လော့ (မာကု ၁၂း၃၁)

ယင်းမှာ သမ္မာကျမ်းစာတော်မြတ်ထဲမှ ယခုချက်ချင်းပင် ကျင့်ကြံဆောင်ရွက်ရန် တောင်းဆိုနေသော နှုတ်တော်ထွက်စကားများထဲမှ တစ်ခုဖြစ်ပါသည်။ ရှင်းလင်းလှသည်၊ သို့သော် တောင်းဆိုမှုနှင့်ပြည့်ဝနေပြီး မှတ်ချက်များများစားစား ပေးစရာပင်မလိုပါ။ ထိုနှုတ်ကပတ်တော်၏အနက်အဓိပ္ပာယ်ကို နားလည်သိမြင်ခြင်းက ခွန်အားရရှိစေဖို့ အသုံးဝင်ပေလိမ့်မည်။

ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးကမေးသော ပညတ်တော်အားလုံးတွင် မည်သည့်ပညတ်သည် အကြီးမြတ်ဆုံးဖြစ်ပါ သနည်း ဆိုသည့်ခွန်းကို သခင်ယေရှုက ပြန်လည်ဖြေဆိုနေခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်က သက်ရှိထင်ရှားရှိခဲ့သော ကျမ်းတတ်ဆရာကြီးတစ်ပါးဖြစ်သည့် Rabbi Shammai က မည်သည့်ပညတ်သည်အကြီးမြတ်ဆုံးဖြစ်ကြောင်း သူ၏အယူအဆကိုပြောဆိုဖို့ ငြင်းဆိုခဲ့ပါသည်။ ယင်းအစား သခင်ယေရှု မိန့်တော်မူခဲ့သည့်အတိုင်း ချစ်ခြင်းမေတ္တာအရင်းခံမှုအပေါ်တွင်သာ အလေးပေးပြောကြားခဲ့သည်။ ဥပမာအားဖြင့် Rabbi Hillel က“မိမိမနှစ်မြို့သောအမှုအရာတစ်စုံတစ်ခုကိုမျှ ကိုယ်နှင့်နီးစပ်သူအပေါ် မပြုနှင့်၊ ယင်းကားပညတ်တစ်ခုလုံး၏ အနှစ်ချုပ်ပင်ဖြစ်ပြီး ကျန်အရာအားလုံးမှာ မေတ္တာလက်ဆောင်သာဖြစ်သည်။”ဟု အခိုင်အမာပြောကြားခဲ့သည်။

သခင်ယေရှုသာလျှင် ချစ်ခြင်းမေတ္တာကိုအခြေပြုသည့် သွန်သင်မှုကိုပြုခြင်းမဟုတ်ဘဲ ဘုရားသခင်အပေါ်ထားရှိရမည့်ချစ်ခြင်းမေတ္တာ(တရားဟောရာကျမ်း ၆း၄တွင်ရှု) နှင့် ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှချစ်ရန် (ဝတ်ပြုရာကျမ်း ၁၉း၁၈ တွင်ရှု)တို့ကို ကိုယ်တော်ရှင်က ပညတ်တစ်ခုတည်းအဖြစ် ပေါင်းစပ်ဖော်ပြလိုက်ခြင်းဖြစ် သည်။ သူ့အားမေးခွန်းထုတ်သောကျမ်းတတ်ဆရာအား ကိုယ်တော်ရှင်က ပဌမပညတ်သည်ကား “အိုအစ္စရာအဲလ်လူမျိုး၊ နားထောင်လော့၊ ငါတို့၏ဘုရား ထာဝရဘုရားသခင်သည် တစ်ဆူတည်းသောဘုရားဖြစ်တော်မူ၏။ သင်၏အရှင် ဘုရားသခင်ကို သင်၏နှလုံးအကြွင်းမဲ့၊ စိတ်အားရှိသမျှ၊ ဉာဏ်အားရှိသမျှ၊ ခွန်အားရှိသမျှ ချစ်လော့။ ဒုတိယပညတ်သည်ကား ဤသို့လာ၏။ သင်နှင့်နီးစပ်သောသူကို သင့်ကိုယ်ကိုသင်ချစ်သကဲ့သို့ချစ်လော့။” ဤပညတ်တို့ထက်သာ၍ကြီးမြတ်သော ပညတ်မရှိဟုဖြေကြားတော်မူ၏။

### သင်နှင့်နီးစပ်သောသူကို သင့်ကိုယ်ကိုသင် ချစ်သကဲ့သို့ချစ်လော့။

ထိုပညတ်တော်၏ဒုတိယပိုင်းသည် ပဌမပိုင်းဖြစ်သည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ဖော်ကျူးချက်ပင်ဖြစ်သည်။ ဘုရားသခင်၏ဖန်ဆင်းခံသတ္တဝါတိုင်းသည် ကိုယ်တော်ရှင်၏ဘုန်းဂုဏ်တော်ကို ထင်ရှားစေသော သူ၏နှလုံးသားနှင့် အလွန်နီးစပ်သည်ဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် ဘုရားရှင်ကိုချစ်ကြောင်း လက်တွေ့ပြသရန်ဖြစ်သည်။ အားလုံးအပေါ်ထားရှိသော ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာတော်မှတစ်ပါး ဖော်ပြရန်အခြားနည်းလမ်းမရှိပါ။ မိဘတို့သည် သားသမီးများ

အချင်းချင်း ချစ်ခင်သင့်မြတ်၊ ယိုင်းပင်းကူညီ၊ စည်းစည်းလုံးလုံးရှိလျက် နေသည်ကိုမြင်တွေ့ရလျှင် ပျော်ရွှင်ကြရသကဲ့သို့ ကျွန်ုပ်တို့သည် နီးစပ်သူတို့နှင့် ချစ်ချစ်ခင်ခင်ရှိသည်ကို တွေ့မြင် သည့်အခါ၊ လူသားမိသားစုကြီးပမာ စည်းလုံးမှုကို ဖေါ်ဆောင်ရာတွင် ပါဝင်ကြသည့်အခါ ကျွန်ုပ်တို့အတွက် မိခင်ဖခင်သဖွယ်ဖြစ်သော ဘုရားသခင်သည်လည်း ဝမ်းမြောက် ပျော်ရွှင်ရပါသည်။

ဘုရားသခင်သည် ပူဇော်ခြင်းများနှင့် စတေးသတ်ဖြတ်ခြင်းများမဟုတ်ဘဲ ချစ်ခြင်းမေတ္တာကိုလိုလားကြောင်း အစ္စရာအဲလ်လူမျိုးတို့အား ရာစုနှစ်များအဆက်ဆက် ပရောဖက်များကရှင်းပြခဲ့ကြပြီးဖြစ်သည်(ဟောရှေ၆း၆ တွင်ရှု)။ သခင်ယေရှုးကိုယ်တော်တိုင်က "ယဇ်ပူဇော်ခြင်းကိုမဟုတ်၊ ကရုဏာသနားခြင်းကို ငါနှစ်သက်တော်မူ၏ဟူသော ကျမ်းစကား ၏အနက်အဓိပ္ပာယ်ကို သွား၍သင်ယူကြလော့၊ ဖြောင့်မတ်သောသူတို့ကိုခေါ်ရန်မဟုတ်၊ အပြစ်ရှိသောသူတို့ကိုခေါ်ရန် ငါလာသည်ဟုပြန်လည်သတိပေးမိန့်တော်မူခဲ့ပါသည်(မာတေဦး ၉း၁၃)။ မိမိတို့၏ညီအစ်ကိုကို မချစ်နိုင်လျှင် ကျွန်ုပ်တို့သည် မမြင်ဖူးသောဘုရားသခင်ကို အမှန်တကယ်အဘယ်သို့ချစ်နိုင်ပါမည်နည်း(၁ယော ၄း၂၀ တွင်ရှု)။ ကိုယ်သိကျွမ်းသော သူဖြစ်စေ၊ မသိသောသူဖြစ်စေ သူတို့အား မေတ္တာထားသည်၊ အလုပ်အကျွေးပြုသည်၊ လေးစားသမှုပြုသည့်နည်းတူ ကိုယ်နှင့်စပ်ဆိုင်သောသူဖြစ်စေ၊ အခြားအသက်ဆိုင်သူဖြစ်စေ လိုအပ်ဆုံးသော "အသိမ်ငယ်ဆုံးသူများ" အား ထိုနည်းတူ ပြုကြရပါမည်။

ဤသည်ကား ယနေ့ကမ္ဘာလောကကြီးတွင် ခရစ်ယာန်တို့အတွက် ဖိတ်ခေါ်ချက်ပင်ဖြစ်သည်။ ဝတ်ပြုဆုတောင်း ခြင်းမှ အသက်ရှင်ခြင်းသို့လည်းကောင်း၊ ကျွန်ုပ်တို့ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရာ၊ ချစ်မြတ်နိုးခြင်းနှင့် ချီးမွမ်းဇကျူးရာ ဘုရားကျောင်းတော်များမှ အခြားသူများထံသို့သွားရောက်တွေ့ဆုံခြင်းဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆို ခြင်းအားဖြင့် ကျွန်ုပ်တို့သင်ယူရရှိခဲ့သော ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းရှိခြင်းနှင့် ဆုတောင်းခြင်းအမှုကို လေ့တွေ့ ကျင့်ကြံကြရပါမည်။

**သင်နှင့်နီးစပ်သောသူကို သင့်ကိုယ်ကိုသင် ချစ်သကဲ့သို့ချစ်လော့။**

အဆိုပါသခင်ဘုရား၏ပညတ်တော်ကို ကျွန်ုပ်တို့မည်သို့လိုက်လျှောက်နိုင်ကြပါမည်နည်း။

ဤသည်ကား ဘုရားသခင်အားချစ်ရန်အပါအဝင် ခွဲခြား၍မရသောအစိတ်အပိုင်းဖြစ်ကြောင်း ကျွန်ုပ်တို့ ကိုယ်ကို ပြန်လည်သတိပေးကြပါစို့။ ချစ်ခြင်းမေတ္တာကားအဘယ်နည်းဆိုသည်နှင့် ကျွန်ုပ်တို့ မည်သို့ချစ်နိုင်မည် အကြောင်းသိရှိဖို့ရန် အချိန်ပေးရမည်။ သို့ဖြစ်၍ ဘုရားသခင်နှင့်စကားပြောခြင်းတည်းဟူသော ဆုတောင်းခြင်းအတွက် အချိန်ပေးရန် လိုအပ်သည်။ ချစ်ခြင်းမေတ္တာတည်းဟူသော ဘုရားသခင်ထံတော်မှ ချစ်ခြင်းမေတ္တာကိုသင်ယူရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူရှိစဉ် မိမိတို့နှင့်နီးစပ်သူတို့ထံမှ အချိန်ကိုခိုးယူခြင်းမပြုပါ။ အမှန်က ကျွန်ုပ်တို့သည် ထိုက်သင့်သော အချိန်တွင် သဒ္ဒါရက်ရောစိတ်တိုးပွားလျက်ချစ်နိုင်ရန် မိမိကိုယ်ကိုပြင်ဆင်ကြရပါမည်။ တစ်ချိန်တည်းမှာပင် အခြားသူများ အားမေတ္တာပြုပြီးနောက် ဘုရားသခင်ထံတော်သို့ပြန်လာသည့်အခါ ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ပို၍စစ်မှန်လာသလို ကျွန်ုပ်တို့ဆုံတွေ့ခဲ့သမျှလူအားလုံးကိုလည်း ကိုယ်တော်ရှင်ထံ ဆောင်ကြဉ်းလာနိုင်ခဲ့သည်။

ကျွန်ုပ်တို့သည် ကိုယ်နှင့်နီးစပ်သောသူအား ကိုယ့်ကိုယ်ကိုချစ်သကဲ့သို့ချစ်ရန်လိုအပ်သည်ဖြစ်ရာ ထိုသူတို့၏ စိတ်ဆန္ဒကို သိရှိရန်လုပ်ရမည်။ ကိုယ်က ချစ်ပြလိုသည့်ပုံစံနှင့်မဟုတ်ဘဲ ထိုသူတို့တောင့်တနေသည့် ချစ်ခြင်းမေတ္တာ အတိုင်းအတာအထိ ပေးကြရပေမည်။ ယခုအခါ ကျွန်ုပ်တို့၏လူ့ဘောင်အသိုင်းအဝိုင်းများသည် ကြီးမားသော ယဉ်ကျေးမှု နောက်ခံမျိုးစုံမှလူတို့ဖြင့်စုစည်းနေထိုင်လာလျက်ရှိရာ စိမ်ခေါ်ချက်များက ပို၍ပင်ကြီးမားလာပါသည်။ နိုင်ငံသစ်တစ်ခုကို သွားရောက်သောသူတစ်ယောက်အနေဖြင့် ထိုနိုင်ငံ၏ထုံးတမ်းစဉ်လာများနှင့် တန်ဖိုးများကို လေ့လာသင်ယူရသည်။ ထိုနည်းအားဖြင့်သာ ထိုနိုင်ငံတွင်နေထိုင်သူများအားနားလည်ပြီး ချစ်ခြင်းမေတ္တာထားနိုင်ပေသည်။ အလားတူပင် မကြာခဏ

ဆိုသလို စိတ်ရှုတ်စရာဖြစ်တတ်သူများ၊ ဘာသာစကားအသစ်နှင့် ရုန်းကန်နေကြရသလို ပတ်ဝန်းကျင်အသစ်၌ ဝင်ဆန့်နိုင်ရန်အခက်တွေ့နေသူ အသစ်ပြောင်းရွှေ့အခြေချလာသူများအား အိမ်ရှင်နိုင်ငံသားများကလည်း ထိုနည်းတူလက်ခံကြရပေမည်။

မိသားတစ်စုအတွင်း၊ အလုပ်ခွင် သို့မဟုတ် နေရာဒေသတစ်ခုအတွင်း၌ရှိကြသောလူတို့သည် တူညီသော ယဉ်ကျေးမှုတစ်ခုတည်းအောက်၌ ရှိကြသည်ဆိုသော်လည်း မတူညီကွဲပြားမှုများက ရှိနေတတ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မိမိကိုအချိန်ပေးပြီး နားထောင်ပေးဖို့အသင့်ရှိနေသူ၊ စာမေးပွဲအတွက် ကူညီအကြံဉာဏ်ပေးမည့်သူ၊ အလုပ်ရှာဖွေဖို့၊ အိမ်ကိုသန့်ရှင်းရေးလုပ်ဖို့ ကူညီမည့်သူကို ရှာဖွေချင်ကြသည်မဟုတ်ပါလား။ အခြားသူများသည်လည်း အလားတူပင် လိုအပ်ကောင်းလိုအပ်နေကြပေမည်။ ကျွန်ုပ်တို့အနေဖြင့် သူတို့၏ခံစားချက်ကိုသိရှိရန်လိုအပ်ပြီး အခြားသူများအား အကူအညီပေးနိုင်ဖို့၊ ရိုးသားစွာနားထောင်ပေးတတ်ခြင်း၊ အခြားသူတို့နေရာတွင် ကိုယ်ချင်း စာပေးခြင်းတို့ပြုကြရပါမည်။

ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာ အရည်အသွေးကလည်း အရေးကြီးပါသည်။ တမန်တော်ကြီးရှင်ပေါလူးက ချစ်ခြင်းမေတ္တာအကြောင်းဖွဲ့ဆိုထားချက်တွင် ပါဝင်သောကြွင်လက္ခဏာများက မှတ်သားထားသင့်ပါသည်။ "ချစ်ခြင်းမေတ္တာသည် အစဉ်အမြဲစိတ်ရှည်တတ်၍ ကြင်နာသနားတတ်၏၊ မနာလိုစိတ်မရှိ၊ ကြွားဝါခြင်းမရှိ၊ မာန်မာနမရှိ၊ ရိုင်းပြသော အမှုကိုမပြုတတ်၊ ကိုယ်ကျိုးကိုမရှာတတ်၊ အမျက်ဒေါသမထွက်တတ်၊ မိမိအပေါ် သူတစ်ပါးပြုသောမကောင်းမှုကို မှတ်သား မထားတတ်၊ ချစ်ခြင်းမေတ္တာသည် မကောင်းမှုဒုစရိုက်၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သို့သော် သမ္မာတရား၌ဝမ်းမြောက်တတ်၏။ ချစ်ခြင်းမေတ္တာသည် အရာရာကိုခံထမ်းနိုင်၏။ ချစ်ခြင်း မေတ္တာသည် အဆုံးမရှိ။ (၁ကော် ၁၃း၄–ရ တွင်ရှု)

မည်မျှသောအခွင့်အရေးများနှင့် မသိမသာကွဲပြားမှုများတွင် ကျွန်ုပ်တို့သည် နေထိုင်နေကြပါသနည်း။

**သင်နှင့်နီးစပ်သောသူကို သင့်ကိုယ်ကိုသင် ချစ်သကဲ့သို့ချစ်လော့။**

အချုပ်အားဖြင့် လူသားတည်ရှိမှုအတွက်အခြေခံစည်းမျဉ်းဖြစ်သော ထင်ရှားလူသိများသည့် "ရွှေဥပဒေသ" ကို ကိုးကွယ်ယုံကြည်မှုဘာသာတရားတိုင်းတွင်လည်းကောင်း၊ လောကီယဉ်ကျေးမှုဆိုင်ရာပုဂ္ဂိုလ်မြတ်ကြီးများ၏ သွန်သင်မှု တိုင်းတွင်လည်းကောင်း တွေ့ရှိနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဟိန္ဒူ၊ မွတ်စလင်၊ ဗုဒ္ဓဘာသာ၊ ရိုးရာကိုးကွယ် ယုံကြည်သူများ၊ ခရစ်ယာန်များနှင့် ကောင်းကျိုးလိုလားသူတိုင်း မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုထုံးတမ်းစဉ်လာ သို့မဟုတ် ကိုးကွယ်ယုံကြည်မှုအလိုက် ကိုယ်နှင့်နီးစပ်သူများအား ချစ်ခြင်းမေတ္တာထားရန်နှင့် အချင်းချင်းယိုင်းပင်းကူညီခြင်းဖြင့် အတူတကွနေထိုင်တတ်ရန် ဖိတ်ခေါ်ချက်များ၏ မူလအစကိုကြိုးစားရှာဖွေသင့်သည်။

လူတစ်ယောက်ကို လေးစားတတ်ခြင်း၊ လူနည်းစုများကို စောင့်ရှောက်ကာကွယ်တတ်ခြင်း၊ မိမိကိုယ်ကျိုး ကိုမကြည့်ဘဲ အခြားသူများအတွက်နေရာပေးကာ အားနည်းသူကိုကူညီပေးတတ်သော၊ အခြားသူတို့အား တန်ဖိုးထား တတ်သည့်စိတ်ထားသစ်ကို ဖန်တီးနိုင်ရန် ကျွန်ုပ်တို့အနေဖြင့် အတူတကွလုပ်ဆောင် ကြရပါမည်။

အကယ်၍ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ့်ကိုယ်ကိုချစ်သကဲ့သို့ချစ်ရမည်ကို ကျွန်ုပ်တို့အပြည့်အဝသတိပြု မည်ဆိုပါလျှင် ကိုယ့်အပေါ်မပြုစေလိုသောအရာတို့ကို သူတစ်ပါးအပေါ်တွင်လည်း ပြုလုပ်မိတော့မည်မဟုတ်ပေ။ စစ်ပွဲများပြေငြိမ်းသွားပေမည်၊ အဂတိလိုက်စားမှုများပျောက်ကွယ်သွားပေမည်၊ တစ်လောကလုံးရင်းနှီးချစ်ကြည်မှုက စိတ်ကူးယဉ်သက်သက်မဟုတ်တော့ဘဲ ချစ်ခြင်းမေတ္တာနိုင်ငံသားများသည် များမကြာမီ အမှန်တကယ်ဖြစ်လာပေလိမ့်မည်။

*Fabio Ciardi*